**Ministry of Health and Sports, Myanmar**
၂၁ နာရီ ·

**2019-nCoV acute respiratory diseases** ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၁-၂-၂၀၂၀ ရက်နေ့၊ နေ့လယ် (၁၃း၀၀) နာရီ)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် 2019-nCoV လတ်တလော အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အချိန် အဟုန်ဖြင့် ဆောင်ရွက် လျက် ရှိရာ ယနေ့ (၁၁-၂-၂၀၂၀) ရက်နေ့ နံနက်အထိ သံသယလူနာ (၁) ဦးအပါအဝင် လူနာ (၂၀) ဦး တို့အား ဆေးရုံများတွင် ဆက်လက်၍စောင့်ကြပ်ကြည့်ရှု ကုသမှုပေးခဲ့ ပါသည်။

၂။ အဆိုပါ စောင့်ကြပ်ကြည့်ရှုကုသမှုခံယူနေသော လူနာများအနက် -
(၁) ရန်ကင်းကလေးဆေးရုံမှ အသက်(၂၄) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊
(၂) ရန်ကင်းကလေးဆေးရုံမှ အသက်(၂) နှစ်အရွယ် ကလေး (ကျား) တစ်ဦး၊
(၃) နမ္မတူမြို့နယ်ဆေးရုံမှ အသက်(၄၅)နှစ်အရွယ် အမျိုးသားတစ်ဦး၊
(၄) ဝေဘာဂီအထူးကုဆေးရုံကြီးမှ အသက်(၂၈)နှစ်အရွယ် အမျိုးသားတစ်ဦး
(၅) လပွတ္တာပြည်သူ့ဆေးရုံမှ အသက် (၃၃)နှစ်အရွယ် အမျိုးသမီးတစ်ဦး၊
(၆) လပွတ္တာပြည်သူ့ဆေးရုံမှ အသက် (၅၁)နှစ်အရွယ် အမျိုးသားတစ်ဦး၊

စုစုပေါင်း လူနာ(၆)ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် 2019 Novel Coronavirus ဗိုင်းရပ်(စ်)ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း)ကို (၁၁-၂-၂၀၂၀)ရက်နေ့ နံနက်ပိုင်း၌ ရည်ညွှန်းဓာတ်ခွဲခန်းမှ ပြန်ကြား လာခဲ့ပါသည်။

၃။ သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုခံယူနေသော ကျန်လူနာများ၏ဓါတ်ခွဲ စစ်ဆေးမှု အဖြေသတင်းများရရှိပါက ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

